# ဓမ္မခန္ဓာ (၅၀) စည်းချိန် (ကာဖ်)

ဥာဏ်စဥ်ကိန်းဝပ်ပေးမှု အမှတ်စဥ် (၃၄)၊ သုတ်ဒေသနာ (၄၅)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **ق وَالْقُرْآنِ الْمَجِيدِ**۞<br>ကာ့ဖ်၊[၉၂] ကျမ်းမြတ်ကုရ်အာန် အားဖြင့်၊ |
| ၂။ | **بَلْ عَجِبُوا أَن جَاءهُمْ مُنذِرٌ مِّنْهُمْ فَقَالَ الْكَافِرُونَ هَذَا شَيْءٌ عَجِيبٌ**۞<br>အမှန်မှာ သူတို့ထံသို့ သတိဖေါ်ပေးသူ တစ်ဦး ရောက်လာသည်ကို အံ့ဩလျှက်– ဖုံးကွယ်သူတို့က ပြောကြသည်မှာ “ဤသည် အံ့ဩဘွယ်ကောင်းသော အရာပင်၊– |
| ၃။ | **أَئِذَا مِتْنَا وَكُنَّا تُرَابًا ذَلِكَ رَجْعٌ بَعِيدٌ**۞<br>ကျွန်ုပ်တို့သည် သေဆုံးပြီး၊ မြေမှုန့်ဖြစ်ပြီးသောအခါမှ ယင်းသို့ ဝေးကွာလှသည်ကို ပြန်ရမည်လော၊”ဟု ဖြစ်၏။ |
| ၄။ | **قَدْ عَلِمْنَا مَا تَنقُصُ الْأَرْضُ مِنْهُمْ وَعِندَنَا كِتَابٌ حَفِيظٌ**۞<br>မုချပင် ငါသည် သူတို့အနက် မြေကမ္ဘာမှ တိမ်မြုပ်ထားသူအားလုံးကို သိနေတော်မူ၏။ ငါ့ထံတော်၌ ထိန်းသိမ်းစောင့်ရှောက်ထားသော မှတ်တမ်းသည် ရှိနေ၏။ |
| ၅။ | **بَلْ كَذَّبُوا بِالْحَقِّ لَمَّا جَاءهُمْ فَهُمْ فِي أَمْرٍ مَّرِيجٍ**۞<br>အမှန်မှာ ၎င်းသည် သူတို့ထံသို့ ရောက်ရှိလာသောအခါ သူတို့သည် ငြင်းဆန်ကြကုန်၏။ သို့ဖြင့် သူတို့သည် ရှုပ်ထွေးပွေလီသော အရေးကိစ္စထဲ၌ ဖြစ်ရပြီ။ |
| ၆။ | **أَفَلَمْ يَنظُرُوا إِلَى السَّمَاء فَوْقَهُمْ كَيْفَ بَنَيْنَاهَا وَزَيَّنَّاهَا وَمَا لَهَا مِن فُرُوجٍ**۞<br>သူတို့သည် သူတို့၏ အထက်၌ ရှိသော မိုးကောင်းကင်ကို မကြည့်ရှုသလော၊ ငါသည် ၎င်းကို မည်သို့ တည်ဆောက်ထားသနည်း၊ မည်သို့ ဆင်ယင်ထားသနည်း၊ ၎င်းတွင် စရွေးကွာဟနေခြင်း မရှိချေ။ |
| ၇။<br><br>တောင်များ | **وَالْأَرْضَ مَدَدْنَاهَا وَأَلْقَيْنَا فِيهَا رَوَاسِيَ وَأَنبَتْنَا فِيهَا مِن كُلِّ زَوْجٍ بَهِيجٍ**۞<br>မြေကမ္ဘာ၌လည်း ငါသည် ၎င်းကို တိုးရွှေ့နေစေ၍၊ ထို၌ **သပ်မှိုများ**ကို စိုက်မတ်ထားတော်မူ၏၊ ထို၌ သစ်ပင်သီးနှံ ကိုယ်စီ အစုံအစုံ ပေါက်ရောက်စေတော်မူမှာ– |
| ၈။ | **تَبْصِرَةً وَذِكْرَى لِكُلِّ عَبْدٍ مُّنِيبٍ**۞<br>သံဝေဂယူတတ်သော အမှုတော်ဆောင် ကိုယ်စီအတွက် ဝိဇ္ဇာအလင်းနှင့် သတိရကြောင်း ရှိစေရန် ဖြစ်၏။ |

(၉၂) အာရ်ဗီ အတိုကောက် စကားလုံး **ကာ့ဖ်**သည် **ကဒါရ်**– အရာရာအား စည်းချိန်ပြဌာန်းချက်၊ **ကီယာမတ်** –ရပ်တည်မြဲမြံခြင်း၊ **ကိုင်ယ်ယိမွန်** မြဲမြံစွာ ရပ်တည်နေခြင်းကို ကိုယ်စားပြု၍၊ **အရာရာအား စည်းချိန်ပြဌာန်းထားသော၊ မြဲမြံစွာရပ်တည်နေသော ကျမ်းမြတ်ကုရ်အာန်အားဖြင့်** ဟု သက်သေတည်ထားခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၉။ | **وَنَزَّلْنَا مِنَ السَّمَاء مَاء مُّبَارَكًا فَأَنبَتْنَا بِهِ جَنَّاتٍ وَحَبَّ الْحَصِيدِ ۞**<br>ငါသည် မိုးကောင်းကင်မှ ကျက်သရေမိုးကို သွန်းရွာစေတော်မူ၍၊ ၎င်းဖြင့် ရိတ်သိမ်းအကျိုးဖြစ်စေသော ကောက်ပဲသီးနှံများကို ပေါက်ရောက်စေတော်မူ၏– |
| ၁၀။ | **وَالنَّخْلَ بَاسِقَاتٍ لَّهَا طَلْعٌ نَّضِيدٌ ۞**<br>အနှံ အထပ်ထပ် ရှိစေသော စွန်ပလွံ ပင်မြင့်များကိုလည်း ပါဝင်စေ၍– |
| ၁၁။ | **رِزْقًا لِّلْعِبَادِ وَأَحْيَيْنَا بِهِ بَلْدَةً مَّيْتًا كَذَلِكَ الْخُرُوجُ ۞**<br>အမှုတော်ဆောင်များအတွက် ရိက္ခာဖြစ်စေ၏။ ငါသည် သေနေသော မြေကို ပြန်ရှင်စေ၏။ ယင်းသို့ပင် ရှင်ပြန်ထွက်ပေါ်စေတော်မူလတ္တံ့။ |
| ၁၂။<br>☆<br>၂၅း၃၈ | **كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَأَصْحَابُ الرَّسِّ وَثَمُودُ ۞**<br>သူတို့ မတိုင်မီ နူးဟ်၏ လူမျိုး၊ ရာ့ဆ်☆ အဖေါ်များနှင့် သမု–ဒ်တို့သည်လည်း ငြင်းဆန်ခဲ့ပြီ။ |
| ၁၃။ | **وَعَادٌ وَفِرْعَوْنُ وَإِخْوَانُ لُوطٍ ۞**<br>အာ–ဒ်၊ ဖာရိုးနှင့် လု–တ်၏ ညီနောင်များ– |
| ၁၄။<br>☆၁၅း၇၈<br>★၄၄း၃၇ | **وَأَصْحَابُ الْأَيْكَةِ وَقَوْمُ تُبَّعٍ كُلٌّ كَذَّبَ الرُّسُلَ فَحَقَّ وَعِيدِ ۞**<br>တောတွင်းနေ အဖေါ်များနှင့်☆ တုဘာလူမျိုးများလည်း★ ပါဝင်၏။ သူတို့ကိုယ်စီသည် ဉာဏ်စဉ်ဆောင်အား ငြင်းဆန်ခဲ့ကြ၏။ သို့ဖြစ်၍ ငါ၏ ကတိတော်သည် အမှန်ကျရောက်လေပြီ။ |
| ၁၅။ | **أَفَعَيِينَا بِالْخَلْقِ الْأَوَّلِ بَلْ هُمْ فِي لَبْسٍ مِّنْ خَلْقٍ جَدِيدٍ ۞**<br>ငါသည် ပထမအကြိမ် ဖြစ်တည်စေခြင်းအတွက် လက်ပန်းကျခြင်း မရှိချေ။ အမှန်ပင် သူတို့သည် အသစ်တဖန် ဖြစ်တည်စေခြင်းကို ယုံမှားမကင်း ဖြစ်နေကြသလော။ |
| ၁၆။ | **وَلَقَدْ خَلَقْنَا الْإِنسَانَ وَنَعْلَمُ مَا تُوَسْوِسُ بِهِ نَفْسُهُ وَنَحْنُ أَقْرَبُ إِلَيْهِ مِنْ حَبْلِ الْوَرِيدِ ۞**<br>မုချပင် ငါသည် လူသားကို ဖြစ်တည်စေ၏။ သူသည် သူ့စရိုက်အား တီးတိုးလှုံ့ဆော်ခြင်းအား ငါ ကုန်စင်သိနေ၏။ ငါအရှင်သည်ကား သူနှင့် သူ၏ လည်ပင်းသွေးကြောထက် သူနှင့် ပိုမိုနီးကပ်လျက် ရှိ၏။ |
| ၁၇။ | **إِذْ يَتَلَقَّى الْمُتَلَقِّيَانِ عَنِ الْيَمِينِ وَعَنِ الشِّمَالِ قَعِيدٌ ۞**<br>သူ၏ ဘယ် ညာ နှစ်ဘက်၌ မှတ်တမ်းတင်သူသည် အထိုင်ချလျက် မှတ်တမ်းတင်နေ၏။ |
| ၁၈။ | **مَا يَلْفِظُ مِن قَوْلٍ إِلَّا لَدَيْهِ رَقِيبٌ عَتِيدٌ ۞**<br>သူသည် မပြောလေမှ၊ သို့မဟုတ်က သူ့အပါးတွင် လက်ငင်း စောင့်ကြည့်နေသူ ရှိ၏။ |
| ၁၉။ | **وَجَاءتْ سَكْرَةُ الْمَوْتِ بِالْحَقِّ ذَلِكَ مَا كُنتَ مِنْهُ تَحِيدُ ۞**<br>သေငယ်ဇောနှင့် မြောချိန်သို့ အမှန်အကန် ဆိုက်ရောက်လာ၏၊ ဤသည် သင် ရှောင်နေလေ့ရှိသော အရာဖြစ်၏။ |
| ၂၀။ | **وَنُفِخَ فِي الصُّورِ ذَلِكَ يَوْمُ الْوَعِيدِ ۞**<br>သဏ္ဍာန်များကို အသက်သွင်းသော်၊– ဤသည် ကတိတော်ထားသည့် နေ့ကာလဖြစ်၏။ |

| | |
|---|---|
| ၂၁။ | وَجَاءَتْ كُلُّ نَفْسٍ مَّعَهَا سَائِقٌ وَشَهِيدٌ ۞<br>ဉာဉ်စရိုက် ကိုယ်စီ မောင်းနှင်သူတစ်ဦး သက်သေတစ်ဦးနှင့် အတူ ရောက်လာရ၏။၉၉၃ |
| ၂၂။ | لَقَدْ كُنتَ فِي غَفْلَةٍ مِّنْ هَذَا فَكَشَفْنَا عَنكَ غِطَاءَكَ فَبَصَرُكَ الْيَوْمَ حَدِيدٌ ۞<br>သင်သည် ဤအရာကို မေ့လျော့ထားခဲ့၏၊ ငါအရှင်သည် ထိုအကာကို ဖယ်ရှားလိုက်ပြီ။ သို့ဖြစ်၍ ဤနေ့ကာလ၌ သင်သည် ထိုးဖေါက်မြင်နိုင်စွမ်း ရှိလတ္တံ့။ |
| ၂၃။ | وَقَالَ قَرِينُهُ هَذَا مَا لَدَيَّ عَتِيدٌ ۞<br>သူ့ အပါးတော်မြဲက “ဤသည် ကျွန်ုပ်ထံ၌ အဆင့်သင့် ရှိသော အရာ ဖြစ်၏၊”ဟု ဆို၏။ |
| ၂၄။ | أَلْقِيَا فِي جَهَنَّمَ كُلَّ كَفَّارٍ عَنِيدٍ ۞<br>အရှင်က “ပုန်ကန်သောင်းကျန်းသော ဖုံးကွယ်သူ ကိုယ်စီအား ငရဲဘုံ၌ ခင်းကျင်းလော့– |
| ၂၅။ | مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ مُّرِيبٍ ۞<br>သူသည် ကောင်းမှုအား တားမြစ်သူ၊ စည်းဖေါက်သူ၊ သံသယကြီးသူ ဖြစ်၏– |
| ၂၆။ | الَّذِي جَعَلَ مَعَ اللَّهِ إِلَهًا آخَرَ فَأَلْقِيَاهُ فِي الْعَذَابِ الشَّدِيدِ ۞<br>သူသည် ပရမတ်ဘုရားရှင်နှင့်အတူ အခြား ဘုရားရှိသည်ဟု စီရင်၏။ သို့ဖြစ်၍ သူ့အား ပြတ်သားသော ဝဋ်ကြွေး၌ ခင်းကျင်းလော့။”(ဟု မိန့်၏။) |
| ၂၇။ | قَالَ قَرِينُهُ رَبَّنَا مَا أَطْغَيْتُهُ وَلَكِن كَانَ فِي ضَلَالٍ بَعِيدٍ ۞<br>သူ့ အပါးတော်မြဲက “အို ကံကြမ္မာရှင်၊ တပည့်တော်သည် သူ့အား ဖီဆန်စေခြင်း မပြုခဲ့ပါ၊ သို့သော် သူသည် ဝေးစွာ လမ်းလွဲခြင်း၌ ရှိခဲ့သူ ဖြစ်ပါ၏၊”ဟု လျှောက်ထားသော်၊ |
| ၂၈။ | قَالَ لَا تَخْتَصِمُوا لَدَيَّ وَقَدْ قَدَّمْتُ إِلَيْكُم بِالْوَعِيدِ ۞<br>အရှင်က မိန့်သည်မှာ “ငါထံပါး၌ မထုချေကြနှင့်၊ ငါသည် သင်တို့အား ကတိတော်ကို တင်ကြိုမပေးခဲ့သလော၊– |
| ၂၉။ | مَا يُبَدَّلُ الْقَوْلُ لَدَيَّ وَمَا أَنَا بِظَلَّامٍ لِّلْعَبِيدِ ۞<br>ငါ့ထံ၌ ဓမ္မတော်သည် ပြောင်းလဲခြင်းမရှိ။ ငါသည် အမှုတော်ဆောင်တို့အား အဝိဇ္ဇာသင့်စေခြင်းလည်း မရှိ၊”ဟု ဖြစ်၏။ |
| ၃၀။ | يَوْمَ نَقُولُ لِجَهَنَّمَ هَلِ امْتَلَأْتِ وَتَقُولُ هَلْ مِن مَّزِيدٍ ۞<br>ငါက ငရဲဘုံအား “သင့်၌ ပြည့်ပြီလော၊”ဟု မေးသော နေ့ကာလ၌ ၎င်းက “အပိုရှိပါသေးသလော၊”ဟု ပြန်ဆိုလတ္တံ့။ |
| ၃၁။ | وَأُزْلِفَتِ الْجَنَّةُ لِلْمُتَّقِينَ غَيْرَ بَعِيدٍ ۞<br>ထို့ပြင် ဥယျာဉ်ဘုံအား စည်းစောင့်သူများ ရှိရာသို့ ဆောင်လာ၏၊ ယင်းသည် ဝေးကွာလှသည် မဟုတ်ချေ။ |
| ၃၂။ | هَذَا مَا تُوعَدُونَ لِكُلِّ أَوَّابٍ حَفِيظٍ ۞<br>ဤသည် ခဝါချသူ၊ စောင့်ထိန်းသူတို့အတွက် ကတိတော်ပင် ဖြစ်၏။ |

(၉၉၃) လူတစ်ဦး၏ ဉာဉ်စရိုက်တိုင်းတွင် မောင်းနှင်သူတစ်ဦး သက်သေတစ်ဦး ရှိသည် ဆိုခြင်းမှာ ထိုသူ၏ လုပ်ဆောင်သော အကျင့်နှင့် လုပ်ဆောင်မှု အကျိုးကို ဆိုလိုခြင်း ဖြစ်ပေသည်။ လူသားသည် မကောင်းမှုကို ပြုက မကောင်းမှု၏ မောင်းနှင်ခြင်းကို ခံရ၍ မကောင်းမှုသည် သူ၏ သက်သေ ဖြစ်၏။ ကောင်းမှုကို ကျင့်ဆောင်က ကောင်းမှုသည် သူအား မောင်းနှင်၍ ကောင်းကျိုးသည် သူ၏သက်သေ ဖြစ်၏။

| | |
|---|---|
| ၃၃။ | مَنْ خَشِيَ الرَّحْمَن بِالْغَيْبِ وَجَاء بِقَلْبٍ مُّنِيبٍ۞<br>သူတို့သည် ကရုဏာရှင်အား ချစ်ကြောက်ရိုကျိုးကြ၍ မမြင်ကွယ်ရာ၌ သတိသံဝေဂဖြင့် မျှော်ကိုးကြကုန်၏။ |
| ၃၄။ | ادْخُلُوهَا بِسَلَامٍ ذَلِكَ يَوْمُ الْخُلُودِ۞<br>ထို ငြိမ်းချမ်းမှုသဏ္ဍာန်သုခသို့ ခိုဝင်ဆိုက်မြိုက်စေလော့၊ ဤသည် ဝင်ရောက်ခွင့် နေ့ကာလ ဖြစ်၏။ |
| ၃၅။ | لَهُم مَّا يَشَاؤُونَ فِيهَا وَلَدَيْنَا مَزِيدٌ۞<br>ထို၌ သူတို့ လိုချင်သမျှကို သူတို့အတွက် ရှိ၏။ ငါ၏ထံပါး၌ ထိုထက်ပိုမို များပြားစွာ ရှိနေ၏။ |
| ၃၆။ | وَكَمْ أَهْلَكْنَا قَبْلَهُم مِّن قَرْنٍ هُمْ أَشَدُّ مِنْهُم بَطْشًا فَنَقَّبُوا فِي الْبِلَادِ هَلْ مِن مَّحِيصٍ۞<br>သူတို့မတိုင်မီ သူတို့ထက် ပြတ်သားစွာ အင်အားတောင့်တင်းသော မျိုးဆက် မည်မျှကို ငါ တိမ်ကောစေခဲ့သနည်း၊ တိုင်းပြည်အနှံ့သွားလာ ကျက်စားသော သူတို့သည် ထို၌ ခိုလှုံရာ ရှိကြသလော။ |
| ၃၇။ | إِنَّ فِي ذَلِكَ لَذِكْرَى لِمَن كَانَ لَهُ قَلْبٌ أَوْ أَلْقَى السَّمْعَ وَهُوَ شَهِيدٌ۞<br>ကေန်ပင် ဤ၌ နှလုံးသား ပိုင်ရှင်၊ သို့မဟုတ် ကြားနာမှု စွင့်ထားသူ အတွက် သတိပေးတရားတော်နှင့် သက်သေ သက်ကန် ရှိနေ၏။ |
| ၃၈။ | وَلَقَدْ خَلَقْنَا السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا فِي سِتَّةِ أَيَّامٍ وَمَا مَسَّنَا مِن لُّغُوبٍ۞<br>မုချပင် ငါသည် မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြား အရာများကို ကာလ ခြောက်ခုဖြင့် ဖြစ်တည်စေတော်မူ၏။ သို့ အတွက် မောပန်းခြင်းသည် ငါ့အား မသက်ရော့။၉၉၄ |
| ၃၉။ | فَاصْبِرْ عَلَى مَا يَقُولُونَ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوعِ الشَّمْسِ وَقَبْلَ الْغُرُوبِ۞<br>သို့ဖြစ်၍ သူတို့၏ ပြောစကားကို သည်းခံလျက်၊ သင့်ကံကြမ္မာရှင်အား နေ မထွက်မီ နေမဝင်မီ၌ ဦးထိပ်ပန်ဆင် ရည် သန်စူးစိုက်လော့။ |
| ၄၀။ | وَمِنَ اللَّيْلِ فَسَبِّحْهُ وَأَدْبَارَ السُّجُودِ۞<br>ညပိုင်း ဦးချဝတ်ပြုပြီးသော် အရှင့်အား ဦးထိပ်ပန်ဆင်လျက် ရှိလော့။ |
| ၄၁။ | وَاسْتَمِعْ يَوْمَ يُنَادِ الْمُنَادِ مِن مَّكَانٍ قَرِيبٍ۞<br>နေ့ပိုင်း၌ သင်တို့၏ အနီးနားမှ ဖိတ်ခေါ်သူ၏ ဖိတ်ခေါ်ခြင်းကို အာရုံစိုက် နားထောင်လော့။ |
| ၄၂။ | يَوْمَ يَسْمَعُونَ الصَّيْحَةَ بِالْحَقِّ ذَلِكَ يَوْمُ الْخُرُوجِ۞<br>သူတို့သည် အမှန်တရား တုန်ဟီးသံကြီးအား ကြားရသော နေ့၊ ယင်းသည် ထွက်လာရမည့် နေ့ကာလဖြစ်၏။၉၉၅ |

---

(၉၉၄) ဖန်ဆင်းရှင်ဆိုသော အယူမှာ တူသည် မှန်သော်လည်း ခရစ်ယာန် သာသနာက ခံစားယုံကြည်သော ဖန်ဆင်းရှင်ဟူသော သဘာဝနှင့် အစ္စလာမ်သာသနာက ခံစားယုံကြည်သော ဖန်ဆင်းရှင်ဟူသော သဘာဝမှာ မတူချေ။ ထိုအကြောင်းကို ဤသုတ်တော်က သက်သေပြလျက် ရှိပေသည်။ ခရစ်ယာန် သမ္မာကျမ်းစာ ကမ္ဘာဦးကျမ်း ၂း၂ တွင် ဘုရားရှင်သည် ဖန်ဆင်းပြီး ၇ ရက်မြောက်နေ့တွင် ငြိမ်ဝပ်စွာ နားနေတော်မူသည် ဟု ဆိုထားပေသည်။ ထိုအဓိပ္ပါယ်မှာ ဘုရားရှင်သည် လောက အပေါင်းကို ဖန်ဆင်းလိုက်ရ၍ မောပန်းသောကြောင့် နားနေသည်ဟု ဆိုလိုခြင်းပင်၊ အစ္စလာမ် ဒဿနတွင်မူ ဘုရားရှင်၏ ဖန်ဆင်းခြင်းဆိုသည်မှာ ဖြစ်တည်လာရန် လောကနိယာမကို စည်းချိန် တကျ ပြဋ္ဌာန်းခြင်းသာ ဖြစ်ပေသည်။ အစ္စလာမ်သာသနာ၏ ယုံကြည်ချက်တွင် ပရမတ်ဘုရားရှင်၏ ဖြစ်တည်စေခြင်း နိယာမသည် အချိန်တိုင်း အခါတိုင်းတွင် စဉ်ဆက်မပြတ် ဖြစ်တည် နေစေပေသည်။ ပရမတ်ဘုရားရှင်အား လူသား တစ်ဦး ကဲ့သို့ ခံစားယုံကြည်ခြင်း မရှိပေ။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား လူပုဂ္ဂိုလ်တစ်ဦး ကဲ့သို့ မောပန်းသည်၊ လက်ပန်းကျသည် စသည့် ခံစားချက်ဖြင့် ခံစား၍ မရချေ။ ဤလူသားနေထိုင်သော စကြာဝဠာအပြင် အခြားသော စကြာဝဠာ အသစ်များ စဉ်ဆက်မပြတ် ဖြစ်တည်နေမည်ပင်။ ဤသည် ပရမတ်ဘုရားရှင်၏ ချမှတ်ပြဋ္ဌာန်းထားသော နိယာမပေတည်း။

| | |
|---|---|
| ၄၃။ | **إِنَّا نَحْنُ نُحْيِي وَنُمِيتُ وَإِلَيْنَا الْمَصِيرُ** ۞<br>ငါအရှင်သည် ရှင်ခြင်း သေခြင်းကို ဖြစ်စေသော အရှင် ဖြစ်၏။ ငါ့ထံသို့သာ ခရီးဆုံးပန်းတိုင်သည် ဖြစ်၏။ |
| ၄၄။ | **يَوْمَ تَشَقَّقُ الْأَرْضُ عَنْهُمْ سِرَاعًا ذَٰلِكَ حَشْرٌ عَلَيْنَا يَسِيرٌ** ۞<br>ကမ္ဘာမြေသည် သူတို့မှ အက်ကွဲသော နေ့ကာလ၌ အလျှင်လိုလျက် ရှိကြလတ္တံ့။ သူတို့အား စုရုံးစေခြင်းသည် ငါ့ အတွက် လွယ်ကူလှချေ၏။ |
| ၄၅။ | **نَحْنُ أَعْلَمُ بِمَا يَقُولُونَ وَمَا أَنتَ عَلَيْهِم بِجَبَّارٍ فَذَكِّرْ بِالْقُرْآنِ مَن يَخَافُ وَعِيدِ** ۞<br>ငါအရှင်သည် သူတို့၏ ပြောသမျှကို ကုန်စင်သိနေတော်မူ၏။ သင်သည် သူတို့အား ကြပ်မတ်ရသူ မဟုတ်ချေ။ ငါ၏ သတိပေးခြင်းကတိအား ကြောက်ရွံ့တတ်သူတို့အား ကုရ်အာန်အားဖြင့် သတိဖေါ်ပေးလော့။ |

---

(၉၉၅) အမှန်တရားကို ကြောက်နေသူတို့အတွက် အမှန်တရားသည် တုန်ဟီးသံကြီး ကဲ့သို့ ပြင်းထန်လှကြောင်း ကျမ်းမြတ်ကုရ်အာန်က အတိ အကျ ပြောဆိုပေသည်။ သာသနာတော်အား မောင်ပိုင်စီးထားသော သူများသည် မည်သို့ပင် အမှန်တရားကို ဖုံးဖိထားစေကာမူ လူငယ် မျိုးဆက်များသည် ပညာတတ်လာ အမြင်ကျယ်လာလျှင် ထိုဖုံးဖိထားသော သူများသည် တရားခံဖြစ်ရပေတော့မည်။ ထိုအခါ သူတို့၏ ဖုံးဖိ လုပ်စားခဲ့သမျှ သည် ပေါ်ထွက်လာရပေမည်ပင်။